# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 4 , 2022 Volume 52, Number 3

**၄.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၄၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၇.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၄၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နိုင်ငံတကာသို့ မြန်မာ့ဆန်များ တင်ပို့ရောင်းချရာတွင် ထိုက်သင့်သည့်ဈေးနှုန်းများ ရရှိစေရေးနှင့် တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်



Source: ရတနာပုံသတင်းစာ

စပါး၊ဆန် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးနှင့် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများကို ယနေ့(၃.၃.၂၀၂၂)တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာပွင့်ဆန်းက စပါး၊ ဆန် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်သို့ စဉ်ဆက်မပြတ်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုပါကြောင်း၊ လက်ရှိကမ္ဘာတစ်ဝန်းဖြစ်ပေါ် နေသည့် အခြေအနေများအရ စားနပ်ရိက္ခာဖူလုံရေးအတွက် အလေးထားဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံတကာသို့ မြန်မာ့ဆန်များ တင်ပို့ရောင်းချရာတွင် ထိုက်သင့်သည့်ဈေးနှုန်းများရရှိစေရေးနှင့် တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ ဆန်စပါးကဏ္ဍထုတ်လုပ်မှုကွင်းဆက် (Sapply Chain) တစ်လျှောက် ပါဝင်လုပ်ကိုင်ဆောင်ရွက်သူအားလုံး သင့်တင့်မျှတသည့် အကျိုးအမြတ်ရရှိစေရေး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆန်ကြိတ်ခွဲခြင်းမှ ထွက်ရှိလာသောဖွဲနုကို တိရစ္ဆာန်အစားအစာအဖြစ် ရောင်းချနေခြင်းအစား အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်၍ ဖွဲနုအထိအဖြစ် ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ပြီး ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် လက်ရှိကမ္ဘာ့အခင်းအကျင်းနှင့် ကိုက်ညီသည့်မူဝါဒများကို ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနများနှင့်သက်ဆိုင်ရာအသင်းအဖွဲ့များက ကဏ္ဍအလိုက် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကာ အခက်အခဲများရှိပါကလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဆွေးနွေးပြော

ကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စပါးဆန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည့်နည်းလမ်းများ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအပေါ် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင်ကျင်းပသည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးများသို့ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှလယ်ယာ ထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လိုအပ်ချက်များဖြစ်သည့် SPS Protocolများ၊ သတ်မှတ်ချက် များနှင့် ကိုက်ညီအောင် ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် နှစ်စဉ် စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းများ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေး ပြည်ပသို့တင်ပို့သည့်ပို့ကုန်များ အရည်အသွေးပြည့်မီစေရေးနှင့် တန်းမြင့်ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဈေးကွက်သစ်ရှာဖွေမှုတွေကို တိုးမြှင့် ဆောင်ရွက်သွားရန်လိုအပ်ပြီး နိုင်ငံတော်အနေဖြင့် အစိုးရချင်းချိတ်ဆက်ညှိနှိုင်းမှုများကို အလေးထားဆောင်ရွက် ပေးလျက် ရှိကြောင်း၊ ထို့ပြင် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်များကို ပိုမိုစိုက်ပျိုးထုတ်လုပ်သွားရန်လိုအပ်ပြီး ပြည်တွင်း ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်ပမှဆီတင်သွင်းမှုကို တစ်ဖက်တစ်လမ်းကလျှော့ချနိုင်ရေး ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ကမ္ဘာ့နိုင်ငံများက ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ပြည်တွင်းပြည်ပ၌ဖြစ်ပေါ်နေသည့် ဈေးနှုန်းများ စိုက်ပျိုးသူတောင်သူများမှ ဈေးကွက်လိုအပ်ချက်အရ ပြောင်းလဲစိုက်ပျိုးမှုအခြေအနေ ကုန်သွယ်မှုပုံစံပြောင်းလဲလာမှု အခြေအနေ များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များကို စက်သုံးဆီအထူးဈေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်နေ

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများပြားလာသည့်အတွက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များကို စက်သုံးဆီအထူး ဈေးနှုန်းဖြင့်ရောင်းချပေးရန် ကုန်သွယ်မှုနှင့်ကုန်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီက အကြောင်းကြားထား ကြောင်း စက်မှုလုပ်ငန်းရှင်များထံမှသိရသည်။ “စာရင်းတွေကောက်နေတယ်။ အစိုးရက စက်သုံးဆီအတွက် ဒေါ်လာနဲ့ခွဲတမ်း ပေးထားတဲ့ စက်သုံးဆီဆိုင်တွေမှာဝယ်ရမှာ။ လိုသလောက်တော့မဟုတ်ဘူး၊ ခွဲတမ်းနဲ့ရမှာပါ”ဟု ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိ စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကပြောသည်။

သို့သော်လက်ရှိအချိန်တွင် စက်သုံးဆီဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်များ ပိုမိုလာမည့် အပြင် မကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်နေခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားစေကြောင်း ၎င်းကပြောသည်။ ဖေဖော်ဝါရီ ၂၀ ရက်ကစတင်ကာ ထိုကဲ့သို့အကြောင်းကြားလာခဲ့ခြင်းဖြစ်ပြီး စက်မှုဇုန်များတွင်အဓိကသုံးဆွဲနေသည့် ဒီဇယ်ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရန် စက်မှုလုပ်ငန်းမှတ်ပုံတင် လက်မှတ်မိတ္တူ၊ မီတာတောင်းခံလွှာမိတ္တူ၊ မီးစက် ဓာတ်ပုံနှင့် မီးစက်၏ KVA တွင်ဖော်ပြထားသော Name Plate ဓာတ်ပုံ ၊ စက်ရုံအမည်ပါစာဖြင့် စက်သုံးဆီဝယ်ယူလိုကြောင်း တွက်ချက်တင်ပြစာနှင့် စက်မှုဇုန်ကော်မတီ၏ ထောက်ခံစာများပါ တင်ပြရမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ဂျုံစေ့နှင့်ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများပါဝင်သည့် ကုန်စည် ၁၄၁ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် မတ် ၂ ရက်မှစ၍ ထပ်တိုးသတ်မှတ်

ဂျုံစေ့နှင့်ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများပါဝင်သည့် ကုန်စည် ၁၄၁ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် မတ် ၂ ရက်မှစ၍ ထပ်တိုးသတ်မှတ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၂/၂၀၂၂)ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု နောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခြင်းကို ပြန်လည်ကုစားနိုင်ရန်၊ နိုင်ငံ၏ပို့ကုန်တင်ပို့မှု၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျရှိစေရန်နှင့် ပြည်ပမှကုန်စည်များ တင်သွင်းမှုအတွက် နိုင်ငံခြားငွေကြေးအသုံးပြုမှုကို ထိန်းညှိဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ပမှတင်သွင်းသည့်ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပမှတင်သွင်းသည့် ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ထိန်းညှိဆောင်ရွက်နိုင်ရန်အတွက် ကုန်စည်လိုင်းအချို့အား သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းအဖြစ် သတ်မှတ်ထုတ်ပြန်ရာတွင် ပထမအဆင့်အဖြစ် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၁၈ /၂၀၂၁) ဖြင့် Hs Code 10 Digit အရ ကုန်စည်လိုင်း ၃၀၇၀ လိုင်းကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၁/၂၀၂၂) ဖြင့် စားသောက်ကုန်အချို့၊ ပလတ်စတစ်အခြေခံ တစ်ဝက်တစ်ပျက် ကုန်ချောပစ္စည်းနှင့် အိမ်သုံးပစ္စည်းအချို့၊ သစ်သားပျော့ဖတ်၊ ပိုးချည်၊ ဝါချည်၊ ကော်ဇောကဲ့သို့သောကြမ်းခင်းများ၊ ချည်ထည်ပစ္စည်း၊ ဖန်ထည်ပစ္စည်းမျိုးမျိုး၊ စက်ဘီးနှင့် မော်တော်ယာဉ် အပိုပစ္စည်းများ ပါဝင်သည့် 2017 Customs Tariff of Myanmar အရ Hs. Code 6 Digit ဖြင့် ကုန်စည် ၄၅၁ လိုင်း သို့မဟုတ် Hs Code 10 Digit ဖြင့် ကုန်စည် ၈၂၆ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ၂၀၂၂ ခုနှစ် မတ် ၁ ရက်မှစတင်၍ သတ်မှတ်လိုက်ကြောင်း အသီးသီးထုတ်ပြန်ထားသည်။

လက်ရှိတွင် ထပ်မံ၍ ဂျုံစေ့နှင့်ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများပါဝင်သည့် ပူးတွဲပါ 2017 Customs Tariff of Myanmar အရ Hs. Code 6 Digit ဖြင့် ကုန်စည် ၅၇ လိုင်း သို့မဟုတ် Hs Code 10 Digit ဖြင့် ကုန်စည် ၁၄၁ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ၂၀၂၂ ခုနှစ် မတ် ၂ ရက်မှစတင်၍ ထပ်တိုးသတ်မှတ်လိုက်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်တွင် ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရသွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော Hs Code 10 Digit ဖြင့် ကုန်စည်လိုင်း ၃၉၃၁ လိုင်း၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၈/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော Hs Code 10 Digit ဖြင့် ကုန်စည်လိုင်း ၃၀၇၀ လိုင်း၊ သတင်းလွှာ (၁/၂၀၂၂) ဖြင့် ထုတ်ပြန် ထားသော Hs Code 10 Digit ဖြင့် ကုန်စည် ၈၂၆ လိုင်းအပါအဝင်ပူးတွဲပါ Hs. Code များဖြင့် သတ်မှတ်ထားသော ကုန်စည်များသည် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အထက်အပိုဒ် ၂ ပါ လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းရာတွင် ၂၀၂၂ ခုနှစ် မတ် ၂ ရက်မှစတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော အထက်အပိုဒ်(၃)ပါ ကုန်စည်စာရင်းအား ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/226772

## တောင်သူလယ်သမားနေ့မှာ စတင်လိုက်တဲ့ ကုလားပဲ၊ ပဲထောပတ် စုပေါင်းရောင်းချပွဲ

၂၀၂၂ ကုလားပဲနဲ့ ပဲထောပတ်ရာသီမှာ သီးနှံစုပေါင်းရောင်းချပွဲကို မတ် ၂ ရက် တောင်သူလယ်သမားနေ့ မနက် ၈ နာရီခွဲမှာ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့များ၊ မကွေးမြို့နဲ့ ရန်ကုန်မြို့အခြေစိုက် သီးနှံဝယ်ယူရေးကုမ္ပဏီများ၊ ပွင့်ဖြူ စလင်း၊ စကု၊ မင်းဘူး စတဲ့ဒေသတွေက ပဲစိုက်တောင်သူများ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီသတင်းကို မကွေးမြို့အခြေစိုက် မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ ဦးမြင့်အောင်က အခုလိုပြောပါတယ်။ "ပဲထောပတ်နဲ့ ကုလားပဲက ဝယ်ဖြစ်သွားတာကတော့ ပဲထောပတ်ကလည်း အိတ်စ်ပို့တ်ပဲဆိုတော့ နောင်တစ်ချိန်မှာ ကျွန်တော်တို့ ဓာတု ဓာတ်ကြွင်းနဲ့ပတ်သက်လို့ GAP စနစ်ကိုတက်လှမ်းနိုင်ဖို့အတွက်ရယ်၊ အခုက အစပျိုးတဲ့အနေနဲ့ပေ့ါနော် စဉ်းစားတာ။ နောက်တစ်ခုက မြစ်အနောက်ခြမ်းမှာ ဒီလိုအစုအဖွဲ့တွေနဲ့ စုပေါင်းရောင်းချတဲ့စနစ်က ဓလေ့ကမထွန်းကားသေးဘူး။ အဲ့ဒါမျိုး လေးတွေကိုလည်း ကျွန်တော်တို့က ထွန်းကားအောင်ရယ် RFDA ရဲ့အဖွဲ့ဝင်မန်ဘာတောင်သူများ ပိုပြီးတော့ရရှိလာပြီးတော့ ကုန်ပစ္စည်းတွေကိုများများမျိုးစုံရောင်းနိုင်အောင် ရည်ရွယ်ပါတယ်ခင်ဗျ"

သီးနှံစုပေါင်းရောင်းချပွဲများရဲ့ ကနဦးစီမံကိန်းဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှာ စတင်အကောင်ထည်ဖော်ခဲ့သော ရေရှည်တည်တံ့ပြီး ကောင်းမွန်ခိုင်မာတဲ့ ဈေးကွက်ဖွံ့ဖြိုးရေးစီမံကိန်းစတင်ကတည်းက မြင့်မြတ်တော်ဝင်ကုမ္ပဏီဟာ ပါဝင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး အရည်အသွေးကောင်းသီးနှံဈေးကွက်ဖွံ့ဖြိုးရေးကိုလိုလားတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။

စုပေါင်းရောင်းချပွဲကျင်းပရာဒေသတွေမှာ နိုဝင်ဘာလကနေ ဒီဇင်ဘာလအတွင်း ကုလားပဲနဲ့ ပဲထောပတ်အပြင် စားတော်ပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ငရုတ် စတာတွေကို စိုက်ပျိုးကြပါတယ်။ အဲ့ဒီနောက် မိုးကြိုရေသွင်းနှမ်းနက်နဲ့ မိုးရာသီရောက်တဲ့အခါ စပါးကို ပြန်လည်စိုက်ပျိုးကြပါတယ်။

တစ်နှစ်ကို သီးနှံ ၃ ကြိမ်စိုက်ပျိုးထုတ်လုပ်တဲ့ဒေသမှာ သီးနှံဈေးကွက်ကောင်းမွန်ပြီး သတ်မှတ်ထားတဲ့ အချိန်အတွယ်စနစ် တွေ မှန်ကန်မှသာ တောင်သူအတွက်အကျိုးအမြတ်ရရှိမှာဖြစ်ပါတယ်။ သီးနှံစုပေါင်းရောင်းချပွဲတွေဟာ စတင်စိုက်ပျိုးစဉ် ကတည်းကနေ ရိတ်သိမ်းချိန်အထိ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်စေတာဖြစ်လို့ သီးနှံအရည်အသွေးကောင်းမွန်လာစေခြင်း၊ သီးနှံများကို တစ်နေရာတည်းတွင် စုပေါင်းရောင်းချခြင်းဖြင့် ပမာဏများများရရှိလာပြီး ပြည်ပပို့ကုမ္ပဏီများနဲ့ တိုက်ရိုက် ချိတ်ဆက်ရောင်းဝယ်ခြင်းဖြင့် ဈေးအကုန်ရရှိလာခြင်းစတဲ့အကျိုးကျေးဇူးများကို ရရှိစေပါတယ်။

ဒ့ါကြောင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူ စလင်း၊ စကု၊ မင်းဘူးစတဲ့ ဒေသတွေမှာ သီးနှံများစုပေါင်းထုတ်လုပ်ရောင်းချတဲ့ စနစ်ကို တောင်သူများက ကြိုဆိုလက်ခံကြတယ်လို့ သိရပါတယ်။ ဒီအခြေအနေကို တိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဌ ဦးဟန်ညွန့်က အခုလိုရှင်းပြပါတယ်။ "သူတို့ မိရိုးဖလာရောင်းဝယ်တာကတော့ နီးစပ်ရာပွဲရုံတွေမှာ ကြုံသလိုဝယ်ရောင်းကြ တာပဲ။ အိတ်ခွံတွေဆိုရင်လည်း မကွေးကုန်စည်ဒိုင်ကသတ်မှတ်တာက ၁၂.၅ ကျပ်သား ယူတာမဟုတ်ပဲနဲ့ သူတို့ဟာသူတို့ ၂၅ ကျပ်သားယူတာတို့၊ ချိန်တဲ့အခါမှာ ၂၅ ကျပ်သားယူတော့ ဥပမာ ၁၅ ပိဿာနဲ့ ၂၅ ကျပ်သားဆိုရင် ၁၅ ပိဿာနဲ့ ၂၅ ကျပ် သားကိုခေါ်တယ်။ ဒါပေမယ့် ၁၅ ပိဿာနဲ့ ၂၅ ကျပ်သားကြားမှာရှိတဲ့အလေးချိန်ဆိုရင် မခေါ်တာတို့၊ နောက်တစ်ခါ ၂၅ ကျပ်သားနဲ့ငါးဆယ်သားကြားမှာရှိတဲ့ အလေးချိန်ကိုမခေါ်တာတို့။ သူတို့က ၂၅ ကျပ်သား၊ ၅၀ သား၊ ၇၅ ကျပ်သားပြည့်မှ ပိဿာ ပြည့်မှခေါ်တယ်ဆိုတော့ သူတို့က အဲ့ဒီဥစ္စာမှာ တစ်ဆွဲ၊ တစ်ဆွဲကို သူတို့က ၂၀ သားလောက်နာနေတာတွေပြောပြတယ်။ ကျွန်တော်တို့ဘက်ကကျတော့ အိတ်ကို ၁၂ ကျပ်သားပဲယူတယ်။ ခုနတုန်းက အလေးကိုလည်း အရှိအတိုင်းလည်းခေါ်ပေးတယ်။ နောက်တစ်ခါ ပွဲခလည်းမယူဘူး၊ အလုပ်သမားခလည်းမယူဘူးဆိုတော့ အဲ့စနစ်ကို သူတို့ကရောက်ချင်နေတာ။ သူတို့ခံနေရတဲ့ စနစ်တွေကိုလည်း ပြန်ပြောပြတယ်"

သီးနှံစုပေါင်းရောင်းချပွဲတွေက သီးနှံအလိုက် ပြည်ပပို့ကုန်ကုမ္ပဏီများနဲ့ တိုက်ရိုက်ချိတ်ဆက်ကာရောင်းဝယ်နိုင်တဲ့အတွက် ဒေသတွင်းက တခြားတစ်ဆင့်ခံသီးနှံကုန်စည်ဒိုင်တွေရဲ့ သီးနှံပေါက်ဈေးထက်ဈေးများလေ့ရှိပါတယ်။ ဒါကြောင့် အခြား ကုန်စည်ဒိုင်များက သီးနှံစုပေါင်းရောင်းချပွဲကျင်းပတဲ့ ကုန်စည်ဒိုင်များနဲ့အတူ ဈေးပိုပေးလာပေမယ့် တောင်သူများမနစ်နာ အောင် သတ်မှတ်ထားတဲ့ ပဲတစ်တင်းကို ၁၉ ပိဿာထက်ပိုပြီး မယူအောင် အလေးတင်းတောင်းသတ်မှတ်အချိန်အတွယ်များ မှန်ကန်စေဖို့ သက်ဆိုင်ရာဌာနများက ကြပ်မတ်ဆောင်ရွက်ပေးသင့်တယ်လို့ မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ ညှိနှိုင်းရေးအရာရှိ ဦးစည်သူထွန်းက ပြောပါတယ်။

“အခ်ိက ကတော့တောင်သူအစုအဖွဲ့တွေနဲ့လုပ်လိုက်တော့ ဘာပဲဖြစ်နေနေ တောင်သူတော့ ဈေးပိုရလာတယ် ဒီလိုတော့ ပြောရမှာပေါ့နော်။ ဒါပေမယ့် ဒီဥစ္စာမှာတော့ မှန်ကန်တဲ့ ယှဉ်ပြိုင်မှုမျိုးနဲ့ဆိုရင်တော့ ကျွန်တော်တို့ပိုပြီးတော့ ကြိုဆိုရမှာပေ့ါနော်။ ဈေးလိုက်ပေးတဲ့အခါမှာ ဒီလိုအနေထားမှာ အလေးချိန်တွေပေါ်၊ ဘာတွေ အပေါ်ဆိုရင်တော့ သိပ်ပြီးတော့ မကောင်းဘူးပေ့ါနော်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကုန်စည်ဒိုင်တို့ သူတို့ရဲ့ အခန်းကဏ္ဍတွေက သေသေချာချာလေး သတ်သတ်မှတ်မှတ်ဖြစ်လာရင်တော့ ကောင်းတာပေ့ါဗျာ။ အခုဟာက ၁၉ ပိဿာ တစ်တင်းဈေးနှုန်းလို့ သတ်မှတ်ထားရင် အဲ့ဈေးနှုန်း အတိုင်း လုပ်သင့်တာပေ့ါနော်။ တခြား မမှန်မကန်ကိစ္စတွေဖြစ်လာရင်တော့ နားမလည်တဲ့တောင်သူက အဆင်မပြေဘူးပေ့ါလေ”


မတ်လ ၂ ရက်နေ့ သီးနှံပေါက်ဈေးမှာတော့ အရည်အသွေး A အဆင့်ရှိ ကုလားပဲ တစ်တင်းကို ကျပ် ၃၉၈၀၀ သတ်မှတ်ခဲ့ပြီး စားတော်ပဲ တစ်တင်းကို ၈၆၀၀၀ ကျပ်နဲ့ အခြား ပဲလွမ်း၊ ပဲကြီးတစ်တင်းကိုကျပ် ၈၅၀၀၀ ကျပ် သတ်မှတ်ခဲ့ပါတယ်။ ကုလားပဲကို အရည်အသွေးနှစ်မျိုးခွဲခြားထားပြီး၊ ပဲထောပတ်ကိုတော့အရည်သွေး ၃မျိုးခွဲခြားထားပါတယ်။

အခု ကုလားပဲနှင့်ပဲထောပတ်သီးနှံစုပေါင်းရောင်းချပွဲကို မတ် ၂ ရက်ကစလို့ တစ်လကြာ ကျင်းပသွားမှာဖြစ်ပါတယ်။ သီးနှံ ဝယ်ယူရေးမှာ ကုလားပဲတန်ချိန် ၁၇၀၀ နဲ့ ပဲထောပတ်တန်ချိန် တစ်ထောင်ဝယ်ယူသွားဖို့ ပြင်ဆင်ထားပါတယ်။ မြန်မာနိုင်ငံမှာ ကုလားပဲစိုက်ဧက တစ်သန်းနီးပါးရှိပြီး ပဲထောပတ်ကိုတော့ အခြားပဲမျိုးစုံထဲမှာ ထည့်သွင်းထားပြီး အစိုးရက စိုက်ဧကအားဖြင့် ထည့်သွင်း ဖော်ပြထားခြင်းမရှိပါဘူး။ နှစ်စဉ်ကုလားပဲကို အိန္ဒိယနဲ့ပါကစ္စတန်နိုင်ငံကို တင်ပို့နေတဲ့အပြင် ပြည်တွင်းသုံးစွဲမှုများတဲ့ သီးနှံအမျိုးအစားလည်းဖြစ်ပါတယ်။ ပဲထောပတ်ကိုတော့ ဂျပန်နိုင်ငံ၊ ထိုင်ဝမ်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ထံ တင်ပို့နေခြင်းဖြစ်ပါ တယ်။

သီးနှံစုပေါင်းရောင်းချပွဲတွေအနေနဲ့ ယခုနှစ်ဆောင်းရာသီကာလ ဒီဇင်ဘာလ ၁၅ ရက်နေ့ကနေ ဇန်နဝါရီလ ၃၀ ရက်နေ့ အထိ ပဲစင်းငုံသီးနှံစုပေါင်းရောင်းချပွဲကို စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲ့ဒီရောင်းချပွဲမှာ ပဲစင်းငုံတန်ချိန် ၁၅၀၀ ကျော် ဝယ်ယူ ခဲ့ပြီး ပဲစင်းငုံတစ်တင်းကို ၃၃၅၀၀ ကနေ ၄၅၂၀၀ အထိ သတ်မှတ်ဝယ်ယူခဲ့ပါတယ်။ အဲ့ဒီနောက် ဒုတိယမြောက်အနေနဲ့ ကုလားပဲနဲ့ ပဲထောပတ်စုပေါင်းရောင်းချပွဲအစီအစဉ်ကို အခုဆက်လက် ကျင်းပခြင်းဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Chickpea_Butter_Bean_Exhibition

## ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကျပ် ၇၄၈၉၃ ဒသမ ၁၆၇ ဘီလျံ၊ စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်း ခန့်မှန်း




https://news-eleven.com/article/226779

၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ အတွက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ကျပ် ၇၄၈၉၃ ဒသမ ၁၆၇ ဘီလျံ၊စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ အတွက် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ အကျဉ်းချုပ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ကျပ် ၇၄၈၉၃ ဒသမ ၁၆၇ ဘီလျံ၊ စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ် ၁၂၅၈၀ ဒသမ ၁၉၃ ဘီလျံ၊ ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၁၆၃၈၀ ဒသမ ၄၇၉ ဘီလျံဟု ခန့်မှန်းထားပြီး ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ ကျပ် ၃၈၀၀ ဒသမ ၂၈၆ ဘီလျံနှင့် လိုငွေနှင့် (GDP) အချိုးမှာ ၅ ဒသမ ၀၇ ရာခိုင် နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၌ အတည်ပြုခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၈/၂၀၂၁ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

ဘဏ္ဍာရေးနှစ်ကို ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်သဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ကြားကာလ ခြောက်လအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဌာနအတွက် အသုံးစရိတ်များထက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုနိုင်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေး၍ ထိထိရောက်ရောက်သုံးစွဲရန်ရည်ရွယ်ကြောင်း၊ ယခုခြောက်လ ဘဏ္ဍာရေးနှစ်တွင် မဖျော်လင့်သော အသုံးစရိတ်များအတွက် အရေးပေါ်ရန်ပုံငွေ ကျပ် ၅၆ ဘီလျံလျာထားသည့်အပြင် ကိုဗစ်-၁၉ကပ်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာအသုံးစရိတ် လိုအပ်ချက်များအတွက် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေ ကျပ်ဘီလျံ ၁၀၀ လျာထားခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကပြောကြားခဲ့သည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေးပြန်လည်ဦးမော့စေရေး၊ စီးပွားရေးတိုးတက်မှုကို အားလုံးခံစားခွင့်ရရှိရေးနှင့် မညီမျှမှုလျော့ချရေး၊ စီးပွားရေးပုံစံပြောင်းလဲမှုကို အထောက်အပံ့ဖြစ်စေရေး၊ ပြည်သူ့ဘဝလုံခြုံမှုနှင့် လူနေမှုအဆင့်အတန်းတိုးတက်ရေးစသည့်မူဝါဒများကို ပံ့ပိုးပေးနိုင်ပြီး ထိရောက်သည့် အသုံးစရိတ်များဖြစ်စေရေးအတွက်ရည်ရွယ်ပြီး လတ်တလော ဆောင်ရွက်ရန်မလိုသေးသည့် စီမံကိန်းလုပ်ငန်းများလျှော့ချခြင်း၊ ကဏ္ဍအလိုက်၊ ဒေသအလိုက်ချိတ်ဆက်မှုမြှင့်တင်ခြင်း၊ အမှန်တကယ်သုံးစွဲရန် လိုအပ်သည့်အသုံးစရိတ်ဖြစ်စေရေးအတွက် စိစစ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်ကိုးရပ်ပါ စီးပွားရေးဦးတည်ချက်များကို အစဉ်တစိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြား သည်။

**Source:** https://news-eleven.com/article/226779

## ထိုင်း-မြန်မာ နယ်စပ်ဒေသတွင် ဘတ်ငွေနှင့် ကျပ်ငွေတိုက်ရိုက် အသုံးပြုပေးချေနိုင်ပြီဖြစ်ကြောင်း ဗဟိုဘဏ်ထုတ်ပြန်

ထိုင်း-မြန်မာနယ်စပ်ဒေသတွင် ဘတ်ငွေနှင့်ကျပ်ငွေ တိုက်ရိုက်အသုံးပြုပေးချေနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မတ် ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်တို့အပြင် ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်တွင်းငွေကြေးသုံးစွဲမှုကို တိုးမြှင့်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်သည်။

နယ်စပ်ကုန်သွယ်မှုဆောင်ရွက်မည့် သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ၏ ဘဏ်စာရင်းကို ဘတ်ငွေနှင့်ကျပ်ငွေ တိုက်ရိုက်အသုံးပြုပေးချေမှု ဆောင်ရွက်ခွင့်ရသည့်ဘဏ်(Designated Bank)များတွင် ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Designated Bank များအနေဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ဘတ်၊ ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး လုပ်ငန်းစဉ်များဆိုင်ရာလမ်းညွှန်ချက်ကို လိုက်နာရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်ကို တွေ့ရသည်။ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၄ ရက်ကလည်း တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင်ယွမ်၊ ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြုကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/226810

## ကမ္ဘာ့စျေးကွက်မှာ ရေနံစိမ်းတစ်စည်ပေါက်စျေး ၁၁၄ ဒေါ်လာအထိရှိလာ

ရုရှားရေနံတင်ပို့မှုနဲ့ စွမ်းအင်ကုမ္ပဏီတွေကို နိုင်ငံတကာက ပိတ်ဆို့အရေးယူခဲ့ပြီးနောက် ကမ္ဘာ့စျေးကွက်မှာ ရေနံစိမ်းတစ်စည်ပေါက်စျေး ၁၁၄ ဒေါ်လာအထိရှိလာကြောင်း သိရပါတယ်။ ရုရှားနိုင်ငံဟာ ဆော်ဒီနိုင်ငံပြီးရင် ကမ္ဘာကို ရေနံတင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ရုရှားကုမ္ပဏီတွေကနေ နေ့စဉ်ရေနံတင်ပို့မှုနှုန်းဟာ စည်ပေါင်း ၄ သန်းကနေ ၅ သန်းအထိရှိပါတယ်။ လက်ရှိအချိန်မှာတော့ ရုရှားစီးပွားရေးလုပ်ငန်းတွေနဲ့ စွမ်းအင်ကုမ္ပဏီတွေကို အဆက်အသွယ် ဖြတ်တောက်လိုက်တာကြောင့် ကမ္ဘာ့ရေနံစျေးကွက်မှာ ဝယ်လိုအားပိုများလာခဲ့ပြီး စျေးနှုန်းမြင့်တက်ခဲ့တာပဲဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဥရောပစျေးကွက်မှာ စက်သုံးဆီနဲ့လောင်စာ ဓာတ်ငွေ့စျေးနှုန်းတွေလည်း စံချိန်တင်ပမာဏအထိ မြင့်တက်ခဲ့ကြောင်းသိရပါတယ်။

**Source:** http://sdtimedaily.com/

## စိုက်ပျိုးရေးလုပ်ငန်းများအတွက် အောက်တိုဘာလမတိုင်မီအချိန်အထိ ဓာတ်မြေဩဇာလုံလောက်မှုရှိကြောင်း ဘရာဇီးလ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးပြောကြား



စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော ဓာတ်မြေဩဇာများ ဝယ်ယူတင်သွင်းထားနိုင်ရန် အစိုးရက စီစဉ်ဆောင်ရွက်ခဲ့သဖြင့် အောက်တိုဘာလမတိုင်မီ အချိန်အထိ ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာလုံလောက်မှုရှိကြောင်း ဓာတ်မြေဩဇာအဓိက တင်ပို့သည့် ရုရှနှင့်ယူကရိန်းနိုင်ငံတို့၏ ပဋိပက္ခဖြစ်ပွားမှုကြောင့် ကမ္ဘာ့စျေးကွက်၌ ဓာတ်မြေဩဇာများ ပြတ်လပ်မှုများ ဖြစ်ပေါ်နေချိန်တွင် စိုက်ပျိုးရေးဝန်ကြီး Tereza Cristina က ပြောကြားခဲ့သည်။

အစာကုန်ကြမ်းအတွက် ပြည်တွင်းတွင် ပြောင်းစေ့လိုအပ်ချက်များ မြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် သီးနှံစိုက်ပျိုးချိန်တွင် ဓာတ်မြေဩဇာ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် အစိုးရက အာမခံချက်ပေးထားကြောင်း၊ နွေသီးနှံများ ရိတ်သိမ်းမည့် စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် သီးထပ်သီးနှံထပ်မံစိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ရမည်ဖြစ်ရာ အောက်တိုဘာလမတိုင်မီ ဓာတ်မြေဩဇာဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဝန်ကြီး Tereza Cristina က သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဓာတ်မြေဩဇာတင်သွင်းရာတွင် ရုရှနိုင်ငံနှင့်ဘီလာရုနိုင်ငံတို့ကို မှီခိုအားထားရမှုမှ လျှော့ချနိုင်ရန်အတွက် အခြားဓာတ်မြေဩဇာထုတ်လုပ်သည့်နိုင်ငံများအား ရှာဖွေလျက်ရှိကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်သည့် နိုင်ငံများ၊ ဓာတ်မြေဩဇာအမျိုးအစားများနှင့် သယ်ယူပို့ဆောင်မှုစရိတ်များကို လေ့လာတွက်ချက်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် စိုးရိမ်မှုမလွန်ကဲရန်နှင့် ဖြစ်ပေါ်နိုင်သည့်အရာများအတွက် အချိန်ယူဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ဓာတ်မြေဩဇာအနည်းဆုံးအသုံးပြုသည့် သီးနှံစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နည်းစနစ်များ ပြောင်းလဲကျင့်သုံးနိုင်ရေး သုတေသနများပြုလုပ်လျက်ရှိကြောင်း Brazilian Agricultural Research Corporation(Embrapa) က ပြောကြားခဲ့သည်။ Nanotechnology တိုးတက်ရေး၊ ပေါင်းစည်းလယ်ယာစနစ်ကျင့်သုံး၍ ဇီဝမြေဩဇာအသုံးပြုနိုင်ရေး၊ Digital Agriculture စနစ်ပိုမိုကျယ်ပြန့်လာရေးတို့အတွက် ငွေကြေးထောက်ပံ့ခြင်းများနှင့် မဟာဗျူဟာများချမှတ် ဆောင်ရွက်ခြင်းများဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ဘရာဇီးလ်နိုင်ငံအတွက် အလွန်အရေးပါပြီး နိုင်ငံခြားဝင်ငွေများအဓိကရရှိလျက်ရှိကြောင်း ဝန်ကြီး Cristina က ပြောကြားခဲ့သည်။

ပြည်ပနိုင်ငံများမှတင်သွင်းသည့် ဓာတ်မြေသြဇာအပေါ် မှီခိုရမှုလျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်း၍ National Fertilizer Plan ကို မကြာမီရက်များတွင် စတင်လုပ်ဆောင်နိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် ဓာတ်မြေသြဇာလုံလောက်စွာရရှိမှုသည် အမျိုးသားလုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဲ့သို့ အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်လိုအပ်သည့် ဓာတ်မြေသြဇာပမာဏ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိအား ပြည်တွင်းတွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ဝန်ကြီး Cristina က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာ့ဓာတ်မြေသြဇာထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းကိုသုံးစွဲပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ဓာတ်မြေသြဇာ အများဆုံးသုံးစွဲသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတွင်သုံးစွဲသည့် ဓာတ်မြေသြဇာပမာဏ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှဝယ်ယူတင်သွင်းလျက်ရှိပြီး ပိုတက်စီယံဓာတ်မြေသြဇာလိုအပ်ချက်၏ ၉၅ ရာခိုင်နှုန်းအား ပြည်ပနိုင်ငံများမှ တင်သွင်းရကြောင်း၊ ဓာတ်မြေသြဇာတင်သွင်းမှုပမာဏ၏ ၂၅ ရာခိုင်နှုန်းကို ရုရှားနိုင်ငံမှ ဝယ်ယူတင်သွင်းရလျက်ရှိကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့ဓာတ်မြေသြဇာဈေးကွက်သို့ အများဆုံးတင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်မြေသြဇာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘရာဇီးလ် နိုင်ငံသို့ ဓာတ်မြေသြဇာတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၈.၀၃ ဘီလီယံတန်ဖိုးရှိခဲ့ရာ ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၁.၇၉ ဘီလီယံတန်ဖိုးအား ရုရှားနိုင်ငံမှဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ ပိုတက်စီယံဓာတ်မြေသြဇာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းရှိပြီး အမိုးနီးယမ်းနိုက်ထရိတ်ဓာတ်မြေသြဇာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှုပမာဏ၏ ၂၁ ရာခိုင်နှုန်းရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ပိုတက်စီယံဓာတ်မြေသြဇာလိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်းနှင့် အမိုးနီးယမ်းနိုက်ထရိတ် ဓာတ်မြေသြဇာလိုအပ်ချက်တို့အား ရုရှားနိုင်ငံမှ အဓိကဝယ်ယူတင်သွင်းရလျက်ရှိကြောင်း လယ်ယာထွက်ကုန် ရောင်းဝယ်ရေးနှင့်အကြံပေးကုမ္ပဏီ Conab ၏ သတင်းတွင်ဖော်ပြထားသည်။

ဘီလာရုစ်နိုင်ငံအား အမေရိကန်ဦးဆောင်သောဥရောပနိုင်ငံများမှ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစတင်၍ ဘီလာရုစ်ပို့ကုန်များအား လစ်သူရေးနီးယားဆိပ်ကမ်းကို အသုံးပြု၍တင်ပို့ခွင့်ကို ပိတ်ပင်ခဲ့သဖြင့် ဘီလာရုစ်နိုင်ငံမှဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေသြဇာတင်ပို့မှုအား ယာယီရပ်ဆိုင်းထားခဲ့သည်။ ထို့ကြောင့် ဘရာဇီးလ်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍအတွက်အဓိကလိုအပ်လျက်ရှိသည့် ဓာတ်မြေသြဇာများ ဝယ်ယူတင်သွင်းနိုင်ရေးအတွက် နည်းလမ်းများရှာဖွေလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး Tereza Cristina ဦးဆောင်သောအဖွဲ့သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားနိုင်ငံသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အီရန်နိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့ပြီး ဓာတ်မြေသြဇာများဝယ်ယူတင်သွင်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီး၏ အီရန်ခရီးစဉ်အတွင်း ဘရာဇီးလ်နိုင်ငံသို့ ယူရီးယား ဓာတ်မြေသြဇာတန်ချိန် ၂ သန်းအား နှစ်စဉ်ရောင်းချပေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ထို့အပြင် လာမည့်မတ်လ ၁၂ ရက်နေ့တွင်လည်း ဘရာဇီးလ်နိုင်ငံသို့ ပိုတက်စီရမ်ဓာတ်မြေသြဇာများ ဝယ်ယူတင်သွင်းနိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဦးဆောင်သောအဖွဲ့ဖြင့် ကနေဒါနိုင်ငံသို့ သွားရောက် ဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီး Cristina က ပြောကြားခဲ့သည်။

**Source: canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ဇိုခေါ်သာ အကောက်ခွန်စစ်ဆေးရေးစခန်းအား အဆင့်မြှင့်တင်ရန် အိန္ဒိယနိုင်ငံအစိုးရက ရန်ပုံငွေချမှတ်

မီဇိုရမ်ပြည်နယ်၊ Champhai ခရိုင်အတွင်း အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ရှိ ဇိုခေါ်သာ အကောက်ခွန်စစ်ဆေးရေးစခန်း (Zokhawthar Land Customs Station) ၌ သယ်ယူပို့ဆောင်မှု၊ အခွန်ကောက်ခံမှု၊ လူဝင်မှုကြီးကြပ်ရေး၊ ကုန်စည်ကိုင်တွယ်မှုနှင့် အခြားဝန်ဆောင်မှုများ ဆောင် ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန်ရည်ရွယ်လျက် အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းအား အဆင့်မြှင့်တင်မည့် လုပ်ငန်းများ၌ ရူပီးငွေ ၁၅ ကုဋေကျခံသုံးစွဲရန် အိန္ဒိယအစိုးရက ခွင့်ပြုမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

မီဇိုရမ်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Dr. R. Lalthangliana က မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့် ၎င်းတို့ပြည်နယ်အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဗဟိုအစိုးရသည် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဖိုင်ခရိုင်၊ ဇိုခေါသာကျေးရွာရှိ အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးအတွက် လိုလောက်သည့်အစီအမံများကို ဗဟိုအစိုးရက ချမှတ်ထားရှိကြောင်း၊ ၎င်းစခန်း၌ တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအတွက် နေအိမ်ဆောက်လုပ်ရာတွင် ဗဟိုအစိုးရ၏ ရန်ပုံငွေများကို အသုံးပြုမည်ဖြစ်ကြောင်း ဖြင့် ပြည်နယ်လွှတ်တော်၌ လက်ရှိအနိုင်ရပါတီဖြစ်သော Mizo National Front ပါတီမှ ဥပဒေပြု လွှတ်တော်အမတ်ဖြစ်သူ Mr. Z R Thiamsanga ၏ မေးမြန်းချက်အပေါ်ဖြေကြားခဲ့သည်။

ဗဟိုအစိုးရမှ ခွင့်ပြုမိန့်ချမှတ်ခဲ့သော အဆိုပါရန်ပုံငွေကို ဇိုခေါသာ အကောက်ခွန်စစ်ဆေးရေးစခန်းရှိ အိမ်ရာများ၊ လူဝင်မှုစစ်ဆေးရေးစခန်းများ၊ တိရစ္ဆာန်များ သီးသန့်ခွဲခြားထားရှိရေး စခန်းများ၊ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများ၊ အစားအစာ ဓာတ်ခွဲခန်းများ၊ ယာဉ်နှင့်ကုန်သေတ္တာများ၏ အလေးချိန်ကို ချိန်တွယ်သည့်ကတ္တားများနှင့် သိုလှောင်ရုံများစသည့် အခြေခံ အဆောက်အအုံများအား အဆင့်မြှင့်တင်တည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်သည်။

အခြားတစ်ဖက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော Lunglei ခရိုင် ရှိ Kawrpuichhuah ဒေသတွင် စုပေါင်းစစ်ဆေးရေးစခန်းအဖြစ် အဆင့်မြှင့်တင်ရန် အဆိုပြုထားသော မြေနေရာအား ပြုပြင်ခြံစည်းရိုးခတ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းစီမံကိန်း၏ အသေးစိတ်အစီရင်ခံစာကို ပြည်ထဲရေးဝန်ကြီးဌာနရှိ အိန္ဒိယကုန်းတွင်းဆိပ်များ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (Land Ports Authority of India) က အတည်ပြုထားပြီးဖြစ်ကြောင်း၊ ထို့အပြင် Lunglei ခရိုင်အတွင်း နယ်စပ်ဈေး ၁ ခုနှင့် Mamit ခရိုင်အတွင်း နယ်စပ်ဈေး ၃ ခုတို့ကို ဖွင့်လှစ်နိုင်ရေးအတွက် ဗဟို အစိုးရသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း Dr. R. Lalthangliana က ပြည်နယ်လွှတ်တော်၌ ပြောကြားခဲ့သည်။

Source: Centre Sanctions Rs 15 Crores for Strengthening 'Land Customs Station' at Zokhawthar Hamlet, 3-3-2022, Northeast Today

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## စင်ကာပူနိုင်ငံသည် မက္ကဆီကိုနိုင်ငံနှင့် တောင်အမေရိကအပူပိုင်းနိုင်ငံများပါဝင်သော နိုင်ငံစုစုပေါင်း (၃၃) နိုင်ငံမှ တင်သွင်းလာသည့် လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအတွက် အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်လိုအပ်ချက်ကို ဖယ်ရှားလိုက်ခြင်း

မက္ကဆီကိုနိုင်ငံနှင့် တောင်အမေရိကအပူပိုင်းနိုင်ငံများပါဝင်သော နိုင်ငံစုစုပေါင်း(၃၃)နိုင်ငံမှ လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ (ဖြတ်တောက်/ပိုင်းစိတ်ထားခြင်း၊ အခွံနွှာထားခြင်း၊ ဖူးခွံဖြင့်ထုပ်ပိုးထားခြင်း၊ အေးခဲထားခြင်း စသည့်ပြုပြင်ထုတ်လုပ်ထားမှု မရှိသေးသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ) ကို စင်ကာပူနိုင်ငံသို့ တင်သွင်းရာတွင် အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ် (Phytosanitary Certificate) တင်ပြရန် မလိုအပ်တော့ကြောင်း စင်ကာပူစားသောက်ကုန်အေဂျင်စီ (Singapre Food Agency - SFA) က စင်ကာပူနိုင်ငံရှိ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်းသူများသို့ ၂၆ - ၂ - ၂၀၂၂ ရက်စွဲဖြင့် အသိပေး အကြောင်းကြားစာထုတ်ပြန်ခဲ့ပါသည်။

ယခင်က စင်ကာပူနိုင်ငံသို့ မက္ကဆီကိုနိုင်ငံနှင့် တောင်အမေရိက အပူပိုင်းနိုင်ငံများပါဝင်သော နိုင်ငံစုစုပေါင်း (၃၃) နိုင်ငံမှ တင်သွင်းလာသည့် လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအတွက် Phytosanitary Certificate တင်ပြရန် လိုအပ်ချက်ရှိခဲ့ပြီး၊ အဆိုပါနိုင်ငံ (၃၃)နိုင်ငံမှလွဲ၍ အခြားနိုင်ငံများမှ တင်သွင်းမှုသာလျှင် Phytosanitary Certificate တင်ပြရန် မလိုအပ်သော သတ်မှတ်ချက်ရှိခဲ့ပါသည်။ စင်ကာပူနိုင်ငံရှိ Phytosanitary Certificate ဆိုင်ရာ တာဝန်ခံဌာနဖြစ်သော အမျိုးသား ဥယျာဉ်များဘုတ်အဖွဲ့ (National Parks Board – Nparks) သည် အဆိုပါ (၃၃) နိုင်ငံမှ တင်သွင်းမည့် လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအတွက် Phytosanitary Certificate လိုအပ်ချက်စည်းမျဉ်းကို ၁ - ၂ - ၂၀၂၂ ရက်နေ့မှစ၍ ဖယ်ရှားခဲ့ခြင်းဖြစ်ပါသည်။ ဤသို့မူဝါဒပြောင်းလဲလိုက်ခြင်းကြောင့် ယခုအခါ မည်သည့်နိုင်ငံမှမဆို စင်ကာပူနိုင်ငံသို့ တင်သွင်း

လာသော လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအတွက် Phytosanitary Certificate တင်ပြရန် လိုအပ်မှု မရှိတော့ကြောင်း သိရှိရပါသည်။

ဤမူဝါဒအပြောင်းအလဲသည် စင်ကာပူနိုင်ငံရှိ လတ်ဆတ်သော သစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက်တင်သွင်းသူများ အတွက် အဆိုပါ(၃၃)နိုင်ငံမှ ယခင်ကထက် ကုန်ကျစရိတ်ပိုမိုသက်သာစွာဖြင့် အရေအတွက်ပိုမိုတင်သွင်းလာနိုင်စေရန် တွန်းအားပေးမှုတစ်ရပ်ဖြစ်ပြီး၊ လက်ရှိစင်ကာပူနိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်လာနေသည့်အပေါ် အနည်းငယ်သက်သာရာ ရစေမည်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် မက္ကဆီကိုနိုင်ငံမှ ထောပတ်သီးကို အဓိကတင်သွင်းနေခြင်းဖြစ်ရာ ယခင်ကထက် ကုန်ကျစရိတ်သက်သာသောဈေးနှုန်းဖြင့် တင်သွင်းသွားနိုင်မည့်အခြေအနေဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် စင်ကာပူသည် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို စင်ကာပူဒေါ်လာ ၂.၄၃၈ ဘီလီယံအထိ တင်သွင်းခဲ့ကြောင်းနှင့် ၎င်းတို့အား မလေးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့်တောင်အာဖရိကနိုင်ငံတို့ မှ အများဆုံးတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**Source: Singapore Food Agency, Ministry of Finance, Singapore**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## STOCK EXCHANGE (4.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +100 | +1.23% | 8,100 | 8,200 | 8,100 | 1,457 | 11,929,400 | 33,109,694 | 271,499 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,950 | 2,950 | 2,900 | 4,550 | 13,279,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 9 | 26,100 | 19,977,223 | 57,934 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

### Market summary

As of 4th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.98 | +1.91 | +0.51% | 376.07 | 377.98 | 376.07 | 6,016 | 25,234,550 | 7 | 657,536 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 4th Mar. 2022

| MYANPIX | 377.98 ▲ 1.91 |
|---|---|
| Total Volume (shares) | 6,016 |
| Total Value (MMK) | 25 mil |
| Listed Company | 7 |
| Market Cap. (MMK) | 657,536 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR